# Minutes of Myanmar Language Information Management Network Meeting

*31st May 2023, 2PM MMT, online via Zoom*

## Agenda

1. Presentation – Short briefing on Humanitarian IM activities (UNOCHA)
2. Presentation – Strategic Environmental Assessment (Mercy Corps)
3. Presentation – Climate, Environmental Degradation and Disaster Risk (MIMU)
4. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
5. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: AAM, AHRN, AMDA,BS, BRAC, BIMM, CARE, CBCHP, CA, DRC, GNI, HAI, JOICFP, MA-UK, MC, MAG, MEDG, MIMU, MKI, NAG,PUI, SCVG, SARA, UN Women, UNFPA, UNOCHA, WVM (38 participants from 27 organisations)

## 1. Short briefing on Humanitarian IM activities – *Presented by UNOCHA*

Humanitarian IM activities များအနေဖြင့် အချက်အလက် ကောက်ယူမှုများ၊ ဖြန့်ဝေမှုများတွင် ဆရာမတို့ လုပ်ဆောင်သည့်ပုံစံများကို အောက်ပါအတိုင်း မျှဝေရှင်းလင်းပြောပြပါသည်။ သတင်းအချက်အလက်များ ကောက်ယူမျှဝေရာတွင် အသုံးပြုသူများ အသုံးပြုသောအခါ လွယ်ကူစေသော သတင်းအချက်အလက်များကို မျှဝေခြင်းသည် အရေးပေါ်အခြေအနေတွင် information manage လုပ်သောအခါ အရေးပါသော အပိုင်းဖြစ်သည်။ ကောက်ယူသော သတင်းအချက်အလက်များသည် Affected ဖြစ်နေသော community မှ အရေးပေါ် လိုအပ်ချက်များကို သိပြီး အချိန်နှင့် တပြေးညီ အထောက်အပံ့ ဖြစ်စေနိုင်ရမည်။ ကောက်ယူစီစစ်ပြီး ပြန်လည် ဖြန့်ဝေရာတွင်လဲ Emergency Coordination Team ကို အထောက်အပံ့ဖြစ်စေသော IM Network Group များ ရှိနေစေရန် လိုအပ်ပြီး UNOCHA မှ ဦးဆောင်သော UNOCHA နှင့် MMIU တို့အပြင် သက်ဆိုင်ရာ Cluster IMO များပါဝင်သော Humanitarian IM Working Group အကြောင်းကို မျှဝေရှင်းပြပါသည်။ Working Group များ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ Sector Cluster များ၊ Authorities များ၊ Donor၊ Media များ၊ affected people များ ပါဝင်သင့်ပါသည်။

ဆက်လက်ပြီး Humanitarian IM မှာရှိသော Principle ၁၀ ချက်ရှိကြောင်း၊ ထို ၁၀ ချက်အနေနဲ့ ကိုလဲ apply လုပ်ထားပြီးသားလဲ ဖြစ်ကြောင်း ရှင်းပြပြီး principle ၁၀ ချက်ကို အသေးစိတ် ရှင်းပြခဲ့ပါသည်။ (Accessibility, Inclusiveness, Inter-operability, Accountability, Verifiability, Relevance, Objectivity, Neutral, Humanity, Timeliness, Sustainability, Confidentiality)

Humanitarian IM Work Plan ၂၀၂၂၊ ၂၀၂၃ အနေနဲ့ Humanitarian Needs Overviews (HNO), Humanitarian response plan (HRP), periodic monitoring report, Inter-cluster 3W နှင့် Humanitarian Snapshot တို့ ပါဝင်သော inter-cluster level တွင် အဓိက IM activities work plan ကို တဆင့်ချင်း ရှင်းပြခဲ့ပါသည်။

Humanitarian IM အနေနဲ့ Information Management လုပ်တဲ့ Activity  က plan လုပ်ထားသော activity အပြင် Mocha, Covid တို့ကဲ့သို့သော **Ad hoc** လုပ်ရသော activity များလဲ ရှိပါသည်။ 2023 Humanitarian Preparedness cycle အနေနဲ့  baseline data arrangement လုပ်တဲ့နေရာမှာ population projection ကို UNFPA ၊ IDP နှင့် IDP returnees တို့ကို UNHCR ၊ non-displacement ကို UNCHR မှ ဒေတာများကို သုံးခဲ့ပါသည်။ ၂၀၂၃ မေတွင် မိုချာ ဆိုင်ကလုန်း ဖြစ်တဲ့နေရာများအတွက် flash update များ၊ flash appeal ထုတ်ထား ကြောင်း ရှင်းပြခဲ့ပါသည်။ ဆက်လက်ပြီး Cyclone Mocha Flash Appeal Response Summary ကို အသေးစိတ် ရှင်းလင်းပြောပြပါသည်။

## 2. Strategic Environmental Assessment – *Presented by MERCY CORPS*

SEA အစီရင်ခံစာမှာ ပါဝင်သော အဓိကအချက်များကို အဖွဲ့ဝင်များ ကိုယ်စား အပိုင်း ၅ ပိုင်းခွဲပြီး အကျဉ်းချုံး တင်ပြခဲ့ပါသည်။

မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာ စမ်းစစ်ခြင်း (SEA) ကို ပြုလုပ်ရသော ရည်ရွယ်ချက်မှာ  ရန်ကုန် ဧရာဝတီ ငါးပုစွန်ထုတ်စခန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို sustainable development နှင့် အညီ ပေါင်းစပ်ပါဝင်နိုင်ဖို့ဖြစ်ပါသည်၊ SEA အတွက် တွံတေး၊ ပန်းတနော်၊ ညောင်တုန်းနှင့် မအူပင် မြို့နယ်များကို လေ့လာမှုအတွက် target township များအဖြစ် ထားရှိလေ့လာပါသည်။ ဆက်လက်ပြီး ဥပဒေဆိုင်ရာ မူဝါများနှင့် ပတ်သတ်ပြီး အစီရင်ခံစာတွင် ငါးဖမ်းလုပ်ငန်းနှင့် ပတ်သတ်သည့် အဓိက နိုင်ငံတွင်း ဥပဒေများ ဖြစ်သော Aquaculture Law 1989၊ Fresh Water Fisheries Law နှင့် Marine Fisheries Law တို့ကို အဓိက လေ့လာ ဖော်ပြထားပြီး နိုင်ငံတကာအနေဖြင့် ငါးဖမ်းလုပ်ငန်းနှင့် ပတ်သတ်သည့် Code of Contact , EU Regulation၊ အာဆီယန် ငါးလုပ်ငန်းစီမံမှု ပတ်သတ်သောအချက်များကို international law များတွင် ထည့်သွင်းဖော်ပြထားကြောင်း ရှင်းပြပါသည်။ ဆက်လက်ပြီး Strategies နှင့် Plan များ၊ Policy Related to Environmental Assessment၊ National Environmental Quality Emission Guideline များ ထည့်သွင်းထားသည်ကို တဆင့်ချင်း ရှင်းပြပါသည်။ အဖွဲ့အစည်းဆိုင်ရာ မူဘောင် များ ကို ဆက်လက် ရှင်းပြပါသည်။ ဆက်လက်ပြီး ရန်ကုန်-ဧရာဝတီ Aquaculture Corridor နှင့် ပတ်သတ်ပြီး တစ်မြို့နယ်ကို ၂ခုစီနဲ့ ငါးကန် ၈ကန် လေ့လာရာတွင် တွေ့ရှိသော ငါးကန်များ တွင် မွေးမြူသောငါးမျိုးစိတ်များ၊ ရေအရင်းအမြစ် များ အသုံးပြုမှုရာခိုင်နှုန်းများ ရှင်းပြခဲ့ပါသည်။ ငါးမွေးမြူရေး နည်းလမ်းအနေဖြင့် ငါးကန်တစ်ကန်ထဲတွင် ငါးမျိုးစိတ်တစ်မျိုးပဲမွေးသောနည်းလမ်း (mono culture)၊ ငါးမျိုးစိတ်တစ်မျိုးထပ်ပိုမွေးသောနည်းလမ်း (polyculture) နှင့် အခြားမွေးမြူရေးနည်းလမ်းများ၊ ငါးအစာကျွေးသော နည်းလမ်းများကို ရှင်းပြပါသည်။ ထို့နောက် ငါးကန်ရေ အရည်အသွေး၊ ငါးကန်ပတ်ဝန်းကျင် ရေအရည်အသွေးတိုင်းတာခြင်း နည်းလမ်း များနှင့်ရလဒ်များ ကိုလဲ ရှင်းပြခဲ့ပြီး on farm emission အနေဖြင့် တွက်ချက်ထားသော Aquaculture မှ $CO_2$ Emission ပမာဏများ၊ Production Phases ၄ ခုမှ emission ပမာဏများကို ဆက်လက်ရှင်းပြခဲ့ပါသည်။ ဆက်လက်ပြီး Impact Assessment အနေဖြင့် ငါမွေးမြူခြင်းမှ ပတ်ဝန်းကျင် သောက်ရောက်မှု ၇ခု ကို ရှင်းပြခဲ့ပါသည်။  ဆက်လက်ပြီး အကြံပြုချက်အနေနဲ့ ငါးအစာကို ပိုမို ကောင်းမွန်စေရန်နှင့် ငါးအစာကျန်များ ပြန် အသုံးပြုနိုင်ရန်နည်းလမ်းရှာရန်၊ Smart Feeding Technology သုံးရန် ၊ စွန့်ပစ်အညစ်အကြေးကို ပြန်လည်အသုံးပြုရန် အကြံပြုထားပါသည်။ ငါးလုပ်ငန်းရှင်များကို စွန့်ပစ်ရေ အရည်အသွေးကို ထိန်းသိမ်းဖို့အကြံပေးရန်

လိုအပ်ကြောင်း ။ စွန့်ပစ်ရေ ရဲ့ အရည်အသွေးကို သတ်မှတ်သင့် ၊ တိုင်းတာရန်နည်းလမ်း ရှိသင့် ကြောင်း ၊ စွမ်းဆောင်ရည်မြင့်သင်တန်းပေးသင့်ကြောင်း ပြောပြခဲ့ပါသည်။

## 3. Climate, Environmental Degradation and Disaster Risk – *Presented by MIMU*

Environment နဲ့ ပတ်သတ်ပြီး ၂၀၂၂ ခုနှစ်က ပြုလုပ်ခဲ့သော Climate, Environmental Degradation and Disaster Risk Analysis Report (မြန်မာ အင်္ဂလိပ် version နှစ်မျိုးဖြင့်) နှင့် Dataset ကို MIMU website တွင် တင်ထားကြောင်း ပြောပြပါသည်။ တနိုင်ငံလုံးအတိုင်းအတာ နဲ့ ခြုံငုံသုံးသပ်ထားပြီး climate နဲ့ disaster ပတ်ဝန်းကျင်ပျက်စီးတာ ဘယ်လိုစပ်ဆက်လဲ ဆိုတာကို အသားပေး analysis လုပ်ထားသော report ဖြစ်ပါသည်။ မြန်မာနိုင်ငံမှာ ထိခိုက်လွယ်မှုဘယ်လောက်ရှိလဲ ဆန်းစစ်ထားသော vulnerability report တွင် ထိခိုက်လွယ်မှုများက သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အကြောင်းအရင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း သုံးသပ်ခဲ့ပြီး analysis လုပ်သော methodology များကို အသေးစိတ်ရှင်းပြခဲ့ပါသည်။ ထို့နောက် Limitations of Analysis အနေဖြင့် Hazards နှင့် ပတ်သတ်သော limitation များ၊ Vulnerability နှင့် ပတ်သတ်သော limitations များကို ရှင်းပြခဲ့ပါသည်။ ဆက်လက်ပြီး ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သတ်ပြီး နှစ်စဉ်အပူချိန်ပြောင်းလဲတိုးလာမှုများ၊ မိုးသည်းထန်လာမှုများ၊ ပင်လယ်ရေ မျက်နှာပြင်ပြောင်းလဲလာမှုများကို ရှင်းပြပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်ခြင်းကလဲ ရာသီဥတုကို ပိုမိုပျက်စီးလာစေသော အကြောင်းရင်းတစ်ချက်ဖြစ်ပြီး ကာဗွန်ထုတ်လုပ်မှုအရ ဖြစ်လာနိုင်ခြေများကို နှိုင်းယှဉ်ရှင်းပြပါသည်။ ထို့နောက် မြေမျက်နှာပြင် ပြောင်းလဲလာမှုများသည် သစ်တောပြုန်းတီးလာမှု၊ water resource conservation and management များနှင့် မည်သို့ ဆက်သွယ်နေကြောင်း ရှင်းလင်းပြောပြပြီး ၂၀၀၁ မှ ၂၀၂၀ - နှစ် ၂၀ အတွင်း သစ်တောဆုံးရှုံးမှုကို ပြသသော မြေပုံကို ပြသရှင်းလင်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ထိခိုက်သော Natural Hazard analysis များ အနေဖြင့် Disaster Risk ကို အဓိက ဖြစ်စေသော အရာများမှာ အန္တရာယ်၊ အန္တရာယ်ထိတွေ့နိုင်ခြေ၊ ထိခိုက်လွယ်မှုများဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းတို့သည်လဲ အားပေးစေသော အရာများ ဖြစ်ကြောင်း ပြောပြပြီး natural hazard ကြောင့် ထိခိုက်သော လူဦးရေကို ပြသသည့် ဂရပ်ကို ရှင်းလင်းပြသခဲ့ပါသည်။ ထို့နောက် natural disaster ကို ခံစားရသည့် နှုန်းထားကို ရေကြီးခြင်း၊ မုန်တိုင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားဖြစ်ခြင်း ရာခိုင်နှုန်းများဖြင့် ခွဲပြီး ရှင်းပြခဲ့ပြီး ဆိုင်ကလုံးဒဏ်၊ ရေခမ်းခြောက်မှုဒဏ်၊ ရေကြီးရေလျှံမှုဒဏ် ခံရလေ့ရှိသော နေရာဒေသများ၏ မြေပုံများကို ပြသရှင်းလင်းခဲ့ပါသည်။ ထိခိုက်လွယ်မှုများသည် Disaster Risk ဖြစ်စေသော အဓိက အချက်ဖြစ်ပြီး ထိခိုက်လွယ်မှုပေါ် မူတည်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ပါက ကြံ့ကြံ့ခိုင်နိုင်မည် ဖြစ်သောကြောင့် ထိခိုက်လွယ်မှုများသည်လဲ ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသော အချက်ဖြစ်ကြောင်းနှင့် ထိခိုက်လွယ်မှုမြို့နယ် အမျိုးအစား ၈ မျိုးအကြောင်း ပြောပြခဲ့ပါသည်။ ထို့နောက် ထိခိုက်လွယ်မှုကို ခရိုင်အနေဖြင့် ပြသော မြေပုံများ၊ ထိခိုက်လွယ်မှုနှင့် ရေကြီး ရေလျှံမှု၊ ဆိုင်ကလုံးမုန်တိုင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်းတို့၏ ဆက်စပ်မှုများ မြေပုံများ၊ ဂရပ်များနှင့် အသေးစိတ်ရှင်းပြခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးလာပြီး သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်၊ တွန်းလှန်နိုင်မှုများကို ပြင်ဆင်နိုင်ရန် အချက်များကို ရှင်းလင်းပြောပြဆွေးနွေးခဲ့ပါသည်။

## 4. အစုအဖွဲ့/ ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**UN Women** ။ ။ ရခိုင်ပြည်နယ်တွင် လုပ်ရန် ပြင်ဆင်ထားသော project ၂ ခု ရှိပါသည်။

**NAG** ။ ။ Mocha နှင့်ဆက်စပ်ပြီး အလယ်ပိုင်းတွင် ရေကြီးရေလျှံသောကြောင့် စိုက်ခင်းများပျက်စီးခြင်းများကို data collection စလုပ်နေပါသည်။

**CARE** ။ ။ emergency shelter item များ NFI item များ distribute လုပ်နေပါသည်။ hygiene kit များကိုလဲ distribute ထပ်လုပ်ဖို့ အစီအစဉ်ရှိပါသည်။

**CA**။ ။ Mocha နဲ့ ပတ်သတ်လို့ အချို့ UN Agency တွေနဲ့ ရခိုင်က ပါတနာတွေဆီက info ကတဆင့် proposal များတင်နေပါသည်။ လက်ရှိ Project မှာပဲ Mocha response အတွက် additional funding ပေးတာရှိပါသည်။ အဲ့ဒီအတွက် ရခိုင်က local ပါတနာတွေနဲ့ လုပ်ဖို့အတွက် စပြီးစီစဉ်နေပါသည်။

**CBCHP**။ ။ Mocha ကြောင့် အိုးအိမ်ပျက်စီးတဲ့ ဒေတာကောက်နေပါသည်။ Implementation ပိုင်းနဲ့ ပတ်သတ်ပြီး အကူအညီတွေ အမြန်ဆုံး လုပ်ဆောင်ဖို့ရှိပါသည်။ ချင်းပြည်နယ် ကိုးမြို့နယ် အတွက် tender assessment လုပ်ထားပါသည်။

**MIMU** ။ ။ Mocha Web Page ကို လွှင့်တင်ထားပြီး page တွင် Mocha နဲ့ပတ်သတ်သော အချက်အလက်များကို အချိန်နဲ့ တပြေးညီတင်ပေးနေပါသည်။ PCode version 9.4 ကို မေလဆန်းတွင် release လုပ်ထားပါသည်။ ၂၀၂၂ အောက်တိုဘာ MIMU village mapping result ကို အဓိကထား update လုပ်ထားပါသည်။ ပါဝင်ပေးခဲ့ကြသော အဖွဲ့အစည်းများကို ကျေးဇူးတင်ပါသည်။ ဆက်လက်လုပ်ဆောင်ဖို့လဲ ရှိပါသည်။ မြေပုံပေါ်မှာ ရွာပေါင်း ၈၀%လောက် တင်နိုင်ခဲ့ပါသည်။ ထပ်ပြီး ရွာ အပြည့်အစုံနဲ့ location မှန်အောင် လုပ်ချင်ပါသည်။ Pcode နဲ့ ပတ်သတ်တဲ့ presentation ကို နောက်တစ်ခါ လုပ်မယ့် IM Network Meeting မှာ လုပ်ပေးဖို့ လျာထားပါသည်။ GIS Team PCode 9.4 နဲ့ကိုက်ညီသော Village shape file စလုပ်နေပါပြီ ဖြစ်ပါသည်။ Regular assessment Tracking ကို ဇူလိုင်လမှာ လုပ်ရန် ရှိပါသည်။ Mocha affected area မှာ assessment လုပ်နေသူများ/အဖွဲ့အစည်းများမှ assessment များကို တစုတစည်းတည်း တနေရာထဲတွင် စုစည်းနိုင်ရန်ဖြစ်စေချင်ပါသည်။ MIMU မှ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင်မဟုတ်ပါက အခြားအဖွဲ့အစည်းမှ ထိုအချက်အလက်များစုစည်းနေပါကလဲ နည်းပညာ အကူအညီပေးချင်ပါသည်။ Excel distance learning သင်တန်း ဖိတ်ခေါ်ထားပြီး ယခုအကြိမ်တွင် ဧရာဝတီတိုင်းမှ စီမံကိန်းလုပ်နေသော အဖွဲ့အစည်းများကို ဦးစားပေးမည် ဖြစ်ပါသည်။ IM Workshop ကို ဇူလိုင်လမှာ ပေးဖို့ရှိပါသည်။ Basic QGIS Training ကိုလည်း ဇူလိုင်လကုန်ပိုင်းလောက်မှာ ပေးဖို့ရှိပါသည်။

## 5. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို ဇူလိုင် ၂၆ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ဆရာမ ဒေါ်အိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။